The Flower News

The Flower News, 30 March – 5 April 2005

# ယူနီဆက်အကြီးအကဲ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခံကလေးများနှင့် တွေ့ဆုံ

နံကာ

**ဆီးရန်ရိ၊ မတ်–၂၂**

ယူနီဆက်အဖွဲ့နှင့် ကမ္ဘောဒီးယားအစိုးရတို့ပူးတွဲဦးဆောင်ကျင်းပပေးသော “ကလေးသူငယ် နှင့်လူငယ်များဆိုင်ရာ ယူနီဆက်ဖိုရမ်”ကို မတ်လ (၂၁)မှ (၂၃) အထိ ကျင်းပခဲ့ရာ ကုလသမဂ္ဂယူနီဆက်အဖွဲ့၏အကြီးအကဲ မိစ်ကယ်ရိုလ်ဘယ်လာမီက မတ်လ ၂၂ ရက်နေ့က တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

ယူနီဆက်အကြီးအကဲ မိစ်ကယ်ရိုလ်က “ယနေ့ ကမ္ဘာမှာ ဘေးအန္တရာယ်ကြုံနေရသူတွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းဟာ စစ်ရေးဆိုင်ရာပုဂ္ဂိုလ်တွေမဟုတ်ဘဲ ကလေးငယ်များနဲ့မိခင်များဖြစ်နေပါတယ်”ဟုတင်ပြသွားခဲ့သည်။ “အမှုဆောင်ညွှန်ကြားရေးမှူးမိစ်ကယ်ရိုလ်ဘယ်လာမီက “ဒီပြဿနာကိုဖြေရှင်းဖို့ ကြိုးစားရာမှာ ကျွန်မအတွက် ပိုပြီး ပိုပြီး ခက်ခဲလာနေပါတယ်”ဟုလည်း ပြော ကြားသွားသည်။

“နုနယ်သူများ ရပိုင်ခွင့်အတွက် လှုပ်ရှား”ဟူသော ဦးတည်ချက်ဖြင့် ကျင်းပသော ကလေးသူငယ်နှင့်လူငယ်များဆိုင်ရာ ဖိုရမ်ကို အရှေ့အာရှနှင့်ပစိဖိတ်ဒေသဝန်ကြီးများအဆင့် ဆွေးနွေးပွဲနှင့်ဆက်စပ်ပြီး ကျင်းပခဲ့ခြင်းဖြစ်သည်။ ခုနစ်ကြိမ်မြောက် ယင်းဝန်ကြီးများအစည်းအဝေးကို မတ်လ ၂၃ရက်မှ ၂၆ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မိစ်ကယ်ရိုလ်ဘယ်လာမီသည် ဒေသကလေးလူငယ်ကိုယ်စားလှယ် ၂၅ဦးနှင့်လူငယ်သတင်းထောက် ၁၅ဦးတို့အား တွေ့ဆုံပြောကြားသွားခဲ့သည်။

ဖိုရမ်ညီလာခံအတွင်း၌ ကိုယ်စားလှယ်ကလေးများသည် ကလေးသူငယ်များနှင့်သက်ဆိုင်သော အဓိကကိစ္စကြီးငါးခုကို ဆွေးနွေးခဲ့ကြသည်။ ပညာရေး၊ ကလေးများပါဝင်ဆောင်ရွက်နိုင်မှု၊ ယဉ်ကျေးမှုဖလှယ်ရေး၊ အလုပ်အကိုင်နေရာချထားရေးနှင့် အိတ်ချ်အိုင်ဗွီ/အိတ်ဒ်စ်ရောဂါပြဿနာတို့ဖြစ်သည်။

တရုတ်နိုင်ငံကိုယ်စားလှယ်အသက် ၁၁နှစ်အရွယ် လျူဘိုကိုင်က “သမီးအတွက် စိတ်ဝင်စားစရာသိပ်ကောင်းပြီးတော့ အသိပညာပွင့်လာစေပါတယ်။ အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်ရှင့်”ဟု ယိုမီယူရီရှင်ဘွန်းသတင်းစာသို့ ပြောကြားသွားသည်။

ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အသက် ၁၆နှစ်အရွယ် ခုမ်ချန်ရိုစမေတာလည်း သူ၏တိုင်းပြည်သည် ကလေးသူငယ်လူကုန်ကူးခံရမှု၊ မူးယစ်ဆေးဝါး၊ ကလေးသူငယ်မိုင်းစေမှု၊ ကလေးပညာရေး စသောကိစ္စကြီးများကို ရင်ဆိုင်ဖြေရှင်းနေရကြောင်း တင်ပြခဲ့သည်။

ယခင်တစ်ကြိမ်လူငယ်ဆိုင်ရာဖိုရမ်ကို ၂၀၀၃ခု၊ မေလ ၅ရက်မှ ၇ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည်ဟု သတင်းရရှိသည်။